# တရုတ်နှစ်သစ်ကူးပွဲတော်တွင်  မီးလောင်းမှုဖြစ်ပွားပြီး အိမ်နှစ်အိမ်မီးလောင်ခဲ့ခြင်း

ဖေဖော်ဝါရီလ (၄)ရက်နေ့ ၂၀၀၉ခုနှစ် ကွတ်ခိုင်မြို့တွင် မီးလောင်မှုဖြစ်ပွားမှုဖြစ်ပွားခဲ့ကြောင်း ဤသို့ မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဗျောက်များကို လွတ်လွတ်လပ်လပ်ဖောက်ရန် မယကနှင့် ရဲများ ခွင့်ပြုထားသည့်အတွက် တရုတ်အိမ် နှစ်အိမ် မီးလောင်ခဲ့ခြင်းဖြစ်ပါသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၄) ရက်နေ့ညနေ့စောင်းတွင် တရုတ်ကလေးနှစ်ဦးမှ ဗျောက်များကို စော့ကစားရာမှ မီးလောင်မှုဖြစ်ပွဲခဲ့သည့်ဟု ဒေသခံတစ်ဦး၏ ပြောပြချက် အရသိရှိရပါသည်။

မီးစလောင်တာက ညနေ့စောင်ရပ်ကွက် (၆) မှာဖြစ်တာ စလောင်တာက တရုတ်အိမ်ဖြစ်တယ်၊ မီးသတ်အဖွဲ့ကို ရပ်ကွက်လူတွေ ဖုန်းဆက်ခေါ်တာလဲ အချိန်မှီရောက်မလာနိုင်လို့ ဒီဗျောက်မီး သေးသေးနဲ့စလောင်သွားတာဖြစ်တယ်။ မယက၊ ရဲနှင့် စစ်သားများတို့က အချိန်အကန့်အသတ်မရှိပဲ  ခွင့်ပြုထားပြီး လုံ၀ကိုလိုက်ဖမ်းထားခြင်းတာမရှိဘူးလို့ ဆက်လက် ပြောပြသွားပါသည်။

ယခင်ကကွတ်ခိုင်မြို့တွင် ကချင်ပွဲတော်၊ ရှမ်းပွဲတော်နှင့် ပလောင်ပွဲတော်များကျင်းပရာတွင် ဗျောက်များကို သတ်မှတ်ထားသည့်နေရာနှင့်အချိန်တွင်သာ်ဖောက်ရန်ခွင့်ပြုထားပြီး တခြားနေရာများတွင် ဗျောက်ဖောက်ပါက မယကနှင့် ရဲများမှ လိုက်ဖမ်းဆီးခဲ့ကြောင်းနှင့် ယခုတရုတ် နှစ်သစ်ကူးပွဲတော်တွင် လုံ၀ကိုအကန့်အသတ်မရှိပဲ လွတ်လွတ်ခွင့်ပြုထားခြင်းမှာ တရုတ်တွေအနေနှင့် မယက နှင့်ရဲများတို့ကို လာဒ်အများကြီး ထိုးထားကြောင်း သိရှိရပါသည်။

ယခုကလေးနှစ်ဦးကို ကွတ်ခိုင်ရဲအဖွဲ့မှ အချုပ်ထဲတွင် လက်ရှိချုပ်နှောင်းထားပြီး တရားစီရင်မှု လုပ်ဆောင်ခြင်းမရှိသေးကြောင်းသိရှိရပါသည်။ ဒေသခံတစ်ဦးဆက်လက်ပြောပြသည်မှာ သူတို့က တစ်နေကုန်တစ်ညလုံးဖောက်နေတော့ ကျန်တဲ့ အိမ်ပါတ်ဝန်ကျင်အတွက် အနှောက်အယှက် တအားဖြစ်တယ်၊ ပိုဆိုးတာက ကျန်တဲ့ပွဲတော်တွေ ဒီလို ခွင့်မပြုပဲထားတာတော့ ဒါက လုံး၀ကို မတရား ဘူးလို့ ပြောပြသွားပါသည်။

ကွတ်ခိုင်မြို့တွင် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း (၄)နှစ်တစ်ကြိမ် ပလောင်စာပေးယဉ်ကျေးမှု ညီလာခံကို ကျင်းပခဲ့ရာ နအဖတာဝန်ရှိသူများမှ စောစောစီစီ အခမ်းအနားအဆုံးသတ်ရန် အမိန်းထုတ် ပြန်ခဲ့ပါသည်။

**သတင်းနှင်ပြန်ကြားရေးဌာန**
**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**
**ဆက်သွယ်ရန်**

၀၈၀ ၁၁၈ ၄၄၇၉
၀၈၄ ၁၇၂၂၅၂၅